**မကွေးတိုင်းဒေသကြီး၊ဆင်ပေါင်ဝဲမြို့နယ်တွင်ဖြစ်ပွားခဲ့သောခင်ပွန်းဖြစ်သူနှင့်ယောက်မတို့မှ အတင်း အဓမ္မကိုယ်ဝန်ဖျက်ချခိုင်းခြင်းဖြစ်စဉ်နှင့်ပတ်သက်၍သတင်းထုတ်ပြန်ချက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သတင်းထုတ်ပြန်ချက်အမှတ် (၇/၂၀၁၆)**

၁။ မကွေးတိုင်းဒေသကြီး၊ဆင်ပေါင်ဝဲမြို့နယ်နေဒေါ်ဟေမာန်စိုးမှ ၁၇-၁၂-၂၀၁၄ နေ့တွင် ဦးကျော်ကျော်ဝင်းဆိုသူနှင့် တရားဝင်လက်ထပ်ပြီးကိုယ်ဝန်ရရှိချိန်တွင်၂၅-၃-၂၀၁၅နေ့၌ ၎င်း၏ ခင်ပွန်းဖြစ်သူနှင့်အစ်မဖြစ်သူတို့ကအရပ်လက်သည်နှင့်ကိုယ်ဝန်ကိုအဓမ္မဖျက်ချခဲ့ကြောင်း၊လှိုင်သာ ယာရဲစခန်းသို့တိုင်ကြားခဲ့ရာတွင်လှိုင်သာယာမြို့နယ်တရားရုံးသို့လွှဲပေးခဲ့ကြောင်း၊ဥပဒေမဲ့စွာပြုမူခံ ရခြင်းနှင့်ပတ်သက်၍ ဖော်ထုတ်အရေးယူပေးစေလိုကြောင်း စသည့်အချက်များပါဝင်သော ၁၇-၇-၂၀၁၅ နေ့စွဲတိုင်ကြားစာကိုမြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကလက်ခံရရှိခဲ့ပါသည်။

၂။ ကော်မရှင်မှစုံစမ်းချက်အရ၎င်းအမှုကိုလှိုင်သာယာမြို့နယ်တရားရုံးမှ ၁၀-၆-၂၀၁၅ နေ့တွင် ပြစ်မှုကြီးအမှတ် (၁၅၁၉/၂၀၁၅) ဖြင့်လက်ခံပြီး၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၂ ဖြင့် လှိုင်သာယာ ရဲစခန်းသို့စစ်ဆေးရန်၁၅-၇-၂၀၁၅နေ့တွင်လွှဲပေးခဲ့ကြောင်း၊၂၈-၁-၂၀၁၆ နေ့တွင် မှရဲစခန်း၏စစ်ဆေးချက်ကို တရားရုံးသို့ပြန်လည်တင်ပြနိုင်ခဲ့ကြောင်း၊ တရားရုံးသို့အမြန် တင်ပြရန် ကြီးကြပ်မှုအားနည်းခဲ့သည့် ရဲစခန်းမှူးနှင့်အမှုစစ်ရဲအရာရှိတို့အား မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ စည်းကမ်း ထိန်းသိမ်းရေး ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ရဲစခန်းမှစုံစမ်းနေစဉ် တရားရုံးမှ ချိန်းဆိုသဖြင့်ဒေါ်ဟေမာန်စိုးသည်ရုံးချိန်း၁၂ချိန်းထိသွားရောက်ခဲ့ရသော်လည်းစွပ်စွဲခံရသူများအား စစ်မေးခြင်း မရှိသေးကြောင်း၊ စွပ်စွဲခံရသူ၅ဦးအားရာဇသတ်ကြီးပုဒ်မ ၃၁၅နှင့်၃၄ တို့ဖြင့် စွဲဆိုပြီး ၄ဦးအားအာမခံပေးထားကြောင်း၊ခင်ပွန်းဖြစ်သူဦးကျော်ကျော်ဝင်းမှာတရားခံပြေးဖြစ်နေကြောင်းသိ ရှိရပါသည်။

၃။ ဤကိစ္စသည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်၃ဖြစ်သော အသက်ရှင်သန် ခွင့်နှင့် လူပုဂ္ဂိုလ်လုံခြုံမှုကို ချိုးဖောက်ရာရောက်ပြီး၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ်၂၅ (၂) ဖြစ်သောမိခင်နှင့်ကလေးတို့ရပိုင်ခွင့် ရှိသောအခွင့်အရေးကို မျက်ကွယ်ပြုရာ ရောက်ပါသည်။ ထို့ပြင်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပုဒ်မ ၃၅၁ ကိုလည်း လစ်လျူရှုရာရောက်ပါသည်။

၄။ သို့ဖြစ်ပါ၍ပြစ်မှုကျူးလွန်သူများအား သက်ဆိုင်ရာတရားရုံးများမှ ထိရောက်လျင်မြန်စွာ စစ်ဆေးစီရင်ပေးပါရန်အကြံပြုတိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊၂၀၁၆ခုနှစ်၊မေလ၁၆ရက်